**ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာ**

**ကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်**

**မြန်မာနိုင်ငံမိုဘိုင်းဖုန်းလုပ်ငန်းရှင်များအသင်း (MMIA) အဖွဲ့အား လက်ခံတွေ့ဆုံ**

နေပြည်တော်၊ ဇူလိုင် ၈

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်သည် မြန်မာနိုင်ငံမိုဘိုင်းဖုန်းလုပ်ငန်းရှင်များအသင်း (MMIA) အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ အချိန်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ လွှတ်တော်ရေးရာဆောင် (I-9) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မိုဘိုင်းဖုန်းများနှင့်ပတ်သက်၍ CEIR နှင့် EIR စနစ်ဖြင့် ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်သူများ ဈေးနှုန်းသက်သာစွာနှင့် လွယ်ကူစွာသုံးစွဲနိုင်ရေးကိစ္စရပ်များ၊ နည်းပညာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မိုဘိုင်းဖုန်းဆိုင်ရာအတတ်ပညာများတိုးတက်ပြန့်ပွားစေရေး ဆောင်ရွက်နေမှုများနှင့် ကြုံတွေ့နေရသောအခက်အခဲများကိုတင်ပြဆွေးနွေးခဲ့ရာ ကော်မတီအနေဖြင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီအတွင်းရေးမှူး နန်းရီရီဝင်း နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။